# မင်္ဂလာရာမ သတင်းလွှာ

( ၀၄–၃၀–၀၇ )



**ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်ခြင်း** ။ ။ မြတ်ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒများကို သင်ယူလေ့လာမှတ်သားပြီး ယဉ်ကျေးလိမ္မာသော ဗုဒ္ဓဘာသာ သားကောင်း သမီးကောင်း အနာဂတ်လူငယ်လေးများ ဖြစ်လာနိုင်စေရေးကို ရည်မျှော်၍ မင်္ဂလာရာမ ကျောင်းတိုက်ကြီးတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ သင်တန်းများကို အပတ်စဉ် စနေ တနင်္ဂနွေနေ့တိုင်း နေ့လည် ၁း၀၀ နာရီမှစ၍ ညနေ ၄း၀၀ နာရီထိ မင်္ဂလာရာမဆရာတော်များကိုယ်တိုင် ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ရာ အသက် ၄–နှစ်မှအထက် ကလေးများ မင်္ဂလာရာမ (301-439-4035 ) သို့ စတင် စာရင်းပေးသွင်းနိုင်ပါပြီ။ သင်တန်းဖွင့်လှစ်မည့် ရက်ကို ထပ်မံကြေညာပါမည် ။



**ကျောင်းတိုက်သန့်ရှင်းရေးအတွက် လှူဒါန်းနိုင်ခြင်း** ။ ။ လွန်ခဲ့သည့် ဧပြီလ ၁၆–ရက်နေ့က လေမုန်တိုင်းဒဏ်ကြောင့် သစ်ပင်များ လဲကျခဲ့၍ ခုတ်ထွင်ရှင်းလင်းရခြင်း၊ ကျောင်းတိုက် အတွင်း ဟောင်းနွမ်းပျက်စီးနေသော ပစ္စည်းများကို စွန့်ပစ်ရခြင်း၊ ပျက်စီးယိုယွင်းနေသည် များကို ပြုပြင်ရခြင်း နှင့် ကျောင်းတိုက်သန့်ရှင်းရေး ပြုလုပ်ရခြင်း စသည်တို့အတွက် ဒေါ်လာ ခြောက်ထောင်ကျော်ခန့် ကုန်ကျခဲ့ရာ သန့်ရှင်းရေးအလှူ လှူဒါန်းပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည် ။

**ကုလားထိုင်များ လှူဒါန်းနိုင်ခြင်း** ။ ။ မင်္ဂလာရာမကျောင်းတိုက်အတွင်း၌ ကျင်းပလျက်ရှိသော ဘာသာရေးပွဲ ဈေးပွဲ သင်္ကြန်ပွဲ သာရေး နာရေးပွဲ စသည်တို့အတွက် မဖြစ်မနေအသုံးပြုနေရသည့် ကုလားထိုင်များမှာ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်ပါ၍ ကုလားထိုင်အသစ်များဖြင့် အစားထိုး အသုံးပြုသွားနိုင်ရန် ကုလားထိုင် လုံးရေ (၁၀၀) ခန့် လိုအပ်လျက်ရှိရာ စေတနာ ရှင်များအနေဖြင့် ကုလားထိုင် တစ်လုံးလျှင် (၂၅ ဒေါ်လာ) နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည် ။

**မှတ်တမ်းတင် သာဓုခေါ်ခြင်း** ။ ။ မင်္ဂလာရာမကျောင်းတိုက်အတွင်း အသုံးပြုလျက်ရှိသော စားပွဲအဟောင်းများကို ပလပ်စတစ်စားပွဲ အသစ်များဖြင့် အစားထိုးအသုံးပြုရန် စားပွဲတစ်လုံးလျှင် (ဒေါ်လာ ၅၀) နှုန်းဖြင့် စားပွဲ (၂၅) လုံး လှူဒါန်းခဲ့သော ဦးကျော်ဝင်း–ဒေါ်လှလှသန်း (VOA) မိသားစုတို့အား BABA အသင်းမှ အထူးပင် သာဓုခေါ်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည် ။



**တရားစခန်းအတွက် စာရင်းပေးသွင်းရန် ထပ်မံနှိုးဆော်ခြင်း** ။ ။ ဂျွန်လ ၁ မှ ၁၀ ရက်အထိ ဖွင့်လှစ်မည့် မဟာစည် (၁၀) ရက် တရားစခန်းပွဲတွင် ဝင်ရောက်တရားအားထုတ်လိုသော စာရင်းမပေးသွင်းရသေးသည့် ယောဂီများအနေဖြင့် မင်္ဂလာရာမ (ဖုန်း–301-439-4035) သို့ မေလ ၁၅–ရက်နေ့ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်နှင့် စာရင်းပေးသွင်းပြီး ယောဂီများအနေဖြင့် ဂျွန်လ ၁ ရက် သောကြာနေ့ ညနေ ၅း၀၀ နာရီ နောက်ဆုံးထား၍ မင်္ဂလာရာမသို့ ကြွရောက်ကြပါရန် ထပ်မံနှိုးဆော်အပ်ပါသည် ။

အလုပ်အမှုဆောင်အဖွဲ့

BABA